တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး



တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး

- တရားရုံးကဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေးဆိုတာဘာလဲ။
- စေ့စပ်ဖြေရှင်းရေးက ရရှိလာနိုင်တဲ့ အားသာချက်တွေက ဘာတွေလဲ။
- မိမိတို့သဘောဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရတဲ့အမှုတွေနဲ့ မဖြစ်မနေ စေ့စပ်ဖြေရှင်းရမယ့်အမှုတွေမှာ စေ့စပ်ဖြေရှင်းရေး ဆိုတာ ဘယ်လိုကွာခြားသလဲ။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ရုံးအမှတ်-၅၄၊ သီရိမင်္ဂလာလမ်း၊ ဥယျာဉ်ရိပ်မြုံ၊ နေပြည်တော်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
www.unionsupremecourt.gov.mm

စေ့စပ်ဖြေရှင်းရေးကို အသုံးပြုခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ



- အမှုသည်များအနေဖြင့် မိမိတို့အမှန်တကယ်ရယူလိုသည့် အခွင့်အရေးကို ကိုယ်တိုင်ညှိနှိုင်း ရယူနိုင်သည့်အတွက် စိတ်ကျေနပ်မှု မြင့်မားစေနိုင်ခြင်း၊
- စေ့စပ်ဖြေရှင်းနေစဉ်အတွင်း အမှုသည်များအကြား အပြန်အလှန်ညှိနှိုင်းအဖြေရှာခြင်းအားဖြင့် ၎င်းတို့ကြား ဆက်ဆံရေး တိုးတက်ကောင်းမွန် စေနိုင်ခြင်း၊
- စေ့စပ်ဖြေရှင်းရေးသည် ရိုးရှင်းသည့်စနစ်ဖြစ်၍ အမှုသည်များသည် ၎င်းတို့အမှုတွင် ကိုယ်တိုင်လွယ်ကူစွာ ပါဝင် ဆောင်ရွက်နိုင်ခြင်း၊
- အချိန်တိုအတွင်း လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊
- အများပြည်သူရှေ့မှောက်တွင် ဆောင်ရွက်ရန်မလိုအပ်သည့် အတွက် မိမိ ထိန်းသိမ်းလိုသည့်သတင်းအချက်အလက်များကို လုံခြုံစွာလျှို့ဝှက်ထားနိုင်ခြင်း၊
- ကုန်ကျစရိတ်သက်သာစွာဖြင့်လွယ်ကူစွာဆောင်ရွက်နိုင်ခြင်း၊

တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး





တရားရုံးမှာ သင်စွဲဆိုထားတဲ့ တရားမမှုနဲ့ ပတ်သက်လို့ စေ့စပ်ဖြေရှင်းလို့ရတယ်ဆိုတာ သင်သိပါသလား။ ဒီသတင်းအချက်အလက်တွေကို တရားရုံးမှာ စုံစမ်းမေးမြန်းနိုင်ပါတယ်။

JICA တရားရေးရာနှင့် ဥပဒေရေးရာစီမံကိန်း




တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆိုသည်မှာ




တရားရုံးတွင် တရားမမှုစွဲဆိုပြီးနောက် နှစ်ဖက်အမှုသည်များ အကြားအငြင်းပွားမှုကို စေ့စပ်ဖြေရှင်းရေးအရာရှိ၏ အကူအညီ ရယူ၍ ညှိနှိုင်းဖြေရှင်းခြင်းဖြင့် ၄င်းတို့ကိုယ်တိုင် ကျေနပ် လက်ခံနိုင်သည့် သဘောတူညီမှုရရှိစေသည့် နည်းလမ်း ဖြစ်သည်။

စေ့စပ်ဖြေရှင်းရေး မဖြစ်မနေပြုလုပ်ရမည့် တရားမမှုများတွင် စေ့စပ်ဖြေရှင်းခြင်း



စေ့စပ်ဖြေရှင်းရေးတွင် အဆို့ အမှုများသည် စေ့စပ်ဖြေရှင်းရေးမဖြစ်မနေ ပြုလုပ်ရမည့် အမှုအမျိုးအစားများဖြစ်သည်။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက် နေစဉ် တရားမမှုတရားစီရင်ရေးလုပ်ထုံးလုပ်နည်းများ ရပ်ဆိုင်းခြင်းမရှိပါ။

အမှုသည်တို့၏ သဘောဆန္ဒအလျောက် စေ့စပ်ဖြေရှင်းခြင်း



စေ့စပ်ဖြေရှင်းရေးကို အမှုသည်များ၏ သဘောဆန္ဒအလျောက် ဆောင်ရွက်နိုင်သည်။